
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ၁၅ နိုင်ငံ (၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်)





၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအချက်အလက်များအရ မြန်မာနိုင်ငံသည် နိုင်ငံနှင့် ဒေသပေါင်း ၂၃၆ ခုနှင့် ကုန်သွယ်မှု ပြုလုပ်နေပြီး ကုန်သွယ်မှုပမာဏတန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၃၆,၇၃၂ သန်းခန့်ရှိသည်။ ထိုအထဲမှ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့် ရှိပါသည်။ တရုတ်နိုင်ငံမှာ မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး မြန်မာ့နိုင်ငံခြားကုန်သွယ်မှု စုစုပေါင်းတန်ဖိုး၏ သုံးပုံတပုံခန့် ရှိသည်။ အဆိုပါပမာဏသည် ဒုတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော ထိုင်းနိုင်ငံထက် နှစ်ဆကျော်ပိုများပြီး၊ တတိယနေရာတွင်ရှိနေသော စင်ကာပူထက် သုံးဆကျော် ပိုများပါသည်။ အမေရိကန်နှင့်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ် လာ သန်း ၁,၃၀၀ ကျော်သာ ရှိပြီး၊ ဂျာမနီ၊ စပိန်၊ ဗြိတိန်၊ နယ်သာလန်၊ ပြင်သစ် အစရှိသောနိုင်ငံများနှင့် တနိုင်ငံချင်း ကုန်သွယ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁,၀၀၀ အောက်သာ ရှိသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ထိပ်တန်းကုန်သွယ်ဖက်ငါးနိုင်ငံနှင့် ကုန်သွယ်မှုအချိုးအစား နှိုင်းယှဉ်ချက် (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)





မြန်မာနိုင်ငံနှင့် ထိပ်တန်းကုန်သွယ်ဖက် ငါးနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေကို အာဏာမသိမ်းခင်နှင့် အာဏာသိမ်းပြီး နောက်ပိုင်း နှိုင်းယှဉ်ကြည့်ရာတွင် ထူးထူးခြားခြား ပြောင်းလဲသွားသည်ကို မတွေ့ရှိရပေ။ အာဏာမသိမ်းခင် ရှေ့သုံးလပတ်တွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ ၃၇ ရာခိုင်နှုန်း ရှိနေရာမှ အာဏာသိမ်းပြီးနောက်ပိုင်း သုံးလပတ်၌ ၃၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားသည်။ သို့သော် ထိုင်းနိုင်ငံနှင့်ကုန်သွယ်မှုမှာ စုစုပေါင်းကုန်သွယ်မှု၏ နှစ်ရာခိုင်နှုန်းခန့် တက်လာခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)





မြန်မာ့ကုန်သွယ်မှုပမာဏသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထက်ဝက်နီးပါး ကျဆင်းခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စစ်အာဏာသိမ်းမှုမတိုင်ခင် ပထမလေးလပတ်တွင် ကုန်သွယ်မှုတန်ဖိုး မြင့်တက်လျက်ရှိပြီး ဇန်နဝါရီ၌ အမေရိကန်ဒေါ်လာ သန်း ၃,၆၀၀ ကျော်အထိ ရှိခဲ့သည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း သုံးလအတွင်း စုစုပေါင်း ကုန်သွယ်မှု တန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၁,၇၀၀ အထိ ထိုးဆင်းခဲ့သည်။ မတ်လတွင် အနည်းငယ် ပြန်တက်ခဲ့သော်လည်း ဧပြီအထိ ထုတ်ပြန်ချက်များအရ လစဉ်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၂,၅၀၀ အောက်တွင်သာ ရှိခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)
စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ ပြည်ပကုန်သွယ်မှုပမာဏ ကာလတူနှိုင်းယှဉ်ချက်
၂၀၁၉-၂၀၂၀ (မေပြီ) နှင့် ၂၀၂၀-၂၀၂၁ (မေပြီ) ယာယီစာရင်း




ပြည်ပကုန်သွယ်မှုပမာဏကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေပြီအထိ)နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေပြီအထိ) ယာယီစာရင်း ကာလတူအား နှိုင်းယှဉ်ရာတွင် ပို့ကုန်တင်ပို့ခြင်းတွင်သာမက သွင်းကုန်တင်သွင်းမှုတွင်ပါ လျော့ကျနေသည်ကို တွေ့ရှိရသည်။ ကိန်းဂဏန်းအားဖြင့် ပို့ကုန်တင်ပို့မှုတွင် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၅ ဘီလီယံကျော် တင်ပို့နိုင်သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၃ ဘီလီယံသာ တင်ပို့နိုင်ပါသည်။ သွင်းကုန်တင်သွင်းမှုတွင်လည်း ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၁ ဘီလီယံ တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅ ဘီလီယံသာ တင်သွင်းနိုင်ပါသည်။ ကုန်သွယ်မှုပမာဏစုစုပေါင်းကို နှိုင်းယှဉ်ပါက ယခင်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆၆ ဘီလီယံ ရှိခဲ့ပြီး၊ ယခုနှစ်တွင် ၁၇ ဒသမ ၅၈ ဘီလီယံ ရှိခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၈ ဘီလီယံလျော့နည်းခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


9 August, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ပြည်ပပို့ကုန် ကုန်စည်အုပ်စုအလိုက်တင်ပို့ခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ (ဧပြီ) နှင့် ၂၀၂၀-၂၀၂၁ (ဧပြီ) ယာယီစာရင်း




ပြည်ပပို့ကုန် ကုန်စည်များ အုပ်စုလိုက်တင်ပို့ခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်(ဧပြီအထိ)နှင့် ကာလတူ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဧပြီအထိ) ယာယီစာရင်းအား နှိုင်းယှဉ်ရာတွင် လယ်ယာထွက်ပစ္စည်းအုပ်စုမှအပ ကျန်အုပ်စုများတွင် လျော့ကျခြင်းများ ဖြစ်ခဲ့သည်။ အထူးသဖြင့် စက်မှုကုန်ချောပစ္စည်းတင်ပို့မှုတွင် ယခင်နှစ် ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၁,၆၀၀ ကျော်အထိ လျော့ကျခဲ့ပြီး၊ သတ္တုတွင်းထွက် ပစ္စည်းတင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၅၉၈ သန်းကျော် လျော့နည်းခဲ့ပါသည်။ ကုန်စည်အုပ်စုအားလုံး စုစုပေါင်းတင်ပို့မှု ပမာဏကို နှိုင်းယှဉ်ရာတွင် ယခင်နှစ်ကထက် အမေရိကန်ဒေါ်လာ သန်း ၂,၀၀၀ ကျော် လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန


9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင်
ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

## ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်း ကာလတူနှိုင်းယှဉ်ချက်

၂၀၁၉-၂၀၂၀ (မေပြီ) နှင့် ၂၀၂၀-၂၀၂၁ (မေပြီ) ယာယီစာရင်း




ပြည်ပသွင်းကုန် ကုန်စည်အုပ်စုအလိုက် တင်သွင်းခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (မေပြီအထိ) နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (မေပြီအထိ) ယာယီစာရင်းအား ကာလတူနှိုင်းယှဉ်ရာတွင် ကဏ္ဍသုံးရပ်စလုံးတွင် လျော့ကျခဲ့ပါသည်။ ယခင်နှစ်စာရင်းများနှင့် နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၁,၅၂၂ ဒသမ ၃၂ သန်း၊ လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်း တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၁,၁၇၂ ဒသမ ၃၉ သန်း၊ လူသုံးကုန်ပစ္စည်း တင်သွင်းမှုတွင် အမေရိကန်ဒေါ်လာ ၃၆၆ ဒသမ ၆၄၇ သန်း လျော့ကျခဲ့ပါသည်။ စုစုပေါင်းအားဖြင့် ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၁,၉၁၄ ဒသမ ၄၀ သန်းကျော် တင်သွင်းခဲ့သော်လည်း ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈,၈၅၃ ဒသမ ၀၃ သန်းသာ တင်သွင်းနိုင်သဖြင့် အမေရိကန်ဒေါ်လာ ၃,၀၆၁ ဒသမ ၃၇ သန်း လျော့နည်းခဲ့ပါသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### အာဏာမသိမ်းခင်သုံးလနှင့် အာဏာသိမ်းပြီးနောက်ပိုင်း သုံးလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ ကုန်သွယ်မှုပမာဏ နှိုင်းယှဉ်ချက်

| နယ်စပ်ကုန်သွယ်ရေးစခန်းများ | | အာဏာမသိမ်းမီသုံးလ | အာဏာသိမ်းပြီးသုံးလ | တိုး/လျော့ |
|---|---|---|---|---|
| တရုတ် | ကျိုင်းတုံ | ၄.၁၈၁ | ၁.၉၁၇ | -၂.၂၆ |
| | လွယ်ဂျယ် | ၈၆.၆၉၄ | ၆၁.၆၄၄ | -၂၅.၀၅ |
| | ကန်ပိုက်တီ | ၁၄၀.၅၇၉ | ၈၁.၆၂၉ | -၅၈.၅၉ |
| | ချင်းရွှေဟော် | ၁၆၁.၇၇၀ | ၁၇၄.၉၃၅ | +၁၃.၁၇ |
| | မူဆယ် | ၁၇၆၅.၈၈၇ | ၅၅၅.၅၉၈ | -၁၂၁၀.၂၉ |
| ထိုင်း | မယ်စဲ့ | N.A. | N.A. | |
| | မော်တောင် | ၃.၇၈၃ | ၄.၂၆၄ | +၀.၄၈ |
| | မြိတ် | ၄၂.၅၄၀ | ၃၁.၂၂၂ | -၁၁.၃၂ |
| | တာချီလိတ် | ၉၈.၆၄၉ | ၈၁.၅၉၄ | -၁၇.၀၆ |
| | ကော့သောင်း | ၉၇.၂၁၅ | ၁၀၂.၇၃၃ | +၅.၅၂ |
| | နဘုလယ်/ထီးခီး | ၃၆၁.၈၁၂ | ၃၉၈.၆၂၇ | +၃၆.၈၂ |
| | မြဝတီ | ၃၃၈.၆၁၅ | ၅၁၁.၆၃၄ | +၁၇၃.၀၂ |
| ဘင်္ဂလားဒေ့ရှ် | မောင်တော | N.A. | ၀.၅၇၃ | |
| | စစ်တွေ | ၃၆၆.၅၆၁ | ၈.၃၈၀ | -၃၅၈.၁၈ |
| အိန္ဒိယ | ထန်တလန် | N.A. | N.A. | |
| | တမူး | ၂၂.၄၆၅ | ၇.၈၃၃ | -၁၄.၆၃ |
| | ရိဒ် | ၈၅.၈၃၈ | ၅၈.၆၉၉ | -၂၇.၁၄ |
| လာအို | ကျိုင်းလပ် | N.A. | N.A. | |

အမေရိကန်ဒေါ်လာ (သန်း)


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### ■ စုစုပေါင်းကုန်သွယ်မှုအား တရုတ်၏ကုန်သွယ်မှုနှင့် နှိုင်းယှဉ်ချက် (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)





တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတန်ဖိုးသည် စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံတပုံနီးပါးခန့်ရှိသည်ကို တွေ့ရပါသည်။ ဇန်နဝါရီတွင် စုစုပေါင်းကုန်သွယ်မှု တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃,၇၀၀ ရှိသည့်အနက် တရုတ်နှင့်ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ သန်း ၁,၂၀၀ ကျော် ရှိပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီမှစ၍ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုအပြင် တရုတ်နှင့်ကုန်သွယ်မှုပါ ထက်ဝက်နီးပါး ကျဆင်းခဲ့သည်။ မတ်လတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့် ပြန်တက်ခဲ့သော်လည်း ဧပြီတွင် ဖေဖော်ဝါရီကထက် အမေရိကန်ဒေါ်လာ သန်း ၃၀ ခန့် ကျဆင်းသွားသည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပင်လယ်ရေကြောင်း၊ နယ်စပ်ကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သော တရုတ်နိုင်ငံနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု၊ နယ်စပ်ကုန်သွယ်မှု ကိန်းဂဏန်းများကို ကြည့်သည့်အခါ အာဏာသိမ်းပြီးနောက်ပိုင်း သိသိသာသာ ကျဆင်းခဲ့ သည်။ တရုတ်-မြန်မာ ကုန်သွယ်မှုသည် ပြီးခဲ့သည့် ဒီဇင်ဘာနှင့် ဇန်နဝါရီတွင် လစဉ် အမေရိကန်ဒေါ်လာ သန်း ၁,၂၀၀ ကျော်ရှိခဲ့ရာမှ ဖေဖော်ဝါရီတွင် အမေရိကန်ဒေါ်လာ သန်း ၅၅၀ သို့ ရုတ်ချည်း ထိုးဆင်းခဲ့သည်။ အထူးသဖြင့် နယ်စပ်ကုန်သွယ်ရေးသည် ဇန်နဝါရီတွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကျော် ရှိခဲ့သော်လည်း ဖေဖော်ဝါရီ၌ အမေရိကန်ဒေါ်လာ သန်း ၃၀၀ အထိ (ထက်ဝက်ကျော်) ကျဆင်းခဲ့ပါသည်။ ဧပြီတွင်လည်း အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော်အထိ ဆက်လက်ကျဆင်းခဲ့သည်။ ထို့အပြင် နယ်စပ်ကုန်သွယ်ရေးသည် ပင်လယ်ရေကြောင်းကုန်သွယ်ရေးထက် နှစ်ဆခန့်များနေရာမှ ဖေဖော်ဝါရီနောက်ပိုင်း မတ်နှင့် ဧပြီတွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့် လျော့နည်းသွားပါသည်။


ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှု အခြေအနေ (၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




စစ်အာဏာမသိမ်းခင်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ် ပို့ကုန်သွင်းကုန်အခြေအနေကို ကြည့်ပါက ဇန်နဝါရီတွင် သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး ရှိခဲ့ရာမှ အာဏာသိမ်းပြီးနောက်ပိုင်း ဖေဖော်ဝါရီတွင် သုံးဆကျော် ကျဆင်းသွားပြီး အမေရိကန်ဒေါ်လာ ၈၉ သန်းသာ ရှိခဲ့သည်။ ပို့ကုန်တန်ဖိုးမှာလည်း အာဏာမသိမ်းခင် ဇန်နဝါရီတွင် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော်ရှိခဲ့ရာမှ ဖေဖော်ဝါရီတွင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ အထိ ကျဆင်းသွားသည်။ ပို့ကုန်တန်ဖိုးသည် မတ်လတွင် အနည်းငယ် ပြန်တက်ခဲ့သော်လည်း ဧပြီတွင် ပြန်ကျခဲ့သည်။ သွင်းကုန်မှာမူ ဆက်တိုက်ကျဆင်းနေပြီး မတ်နှင့်ဧပြီတွင် အမေရိကန်ဒေါ်လာ သန်း ၈၀ နှင့် ၇၀ နီးပါးသာ ရှိခဲ့သည်။

ရင်းမြစ် - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန

9 August, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၃၆)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ-တရုတ်ကုန်သွယ်မှုအပါအဝင် ပြည်ပကုန်သွယ်မှုဆိုင်ရာ အချက်အလက်များ

### မြန်မာ-တရုတ်ကုန်သွယ်ရေး ကျဆင်းသွားရသည့် အကြောင်းအရင်းအချို့

စစ်အာဏာသိမ်းပြီးနောက်ပိုင်း သုံးလတာကာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးပမာဏ ကျဆင်းသွားရသည့် အကြောင်းအရင်းအချို့ဖြစ်ပါသည်။

**ဖေဖော်ဝါရီ ၂၀၂၁**

စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲအဖြစ် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ အားကောင်းလာသည်။ Civil Disobedience Movement (CDM) လှုပ်ရှားမှုများနှင့်အတူ ဘဏ်လုပ်ငန်း လည်ပတ်မှုလည်း ရပ်တန့်လုနီးပါး ဖြစ်ခဲ့သောကြောင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု အပါအဝင် နယ်စပ်ကုန်သွယ်မှု အများစု ရပ်တန့်သွားခဲ့သည်။

**မတ် ၂၀၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်တွင် ဖြစ်ပေါ်နေသော မတည်ငြိမ်မှုများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက မြို့ပေါ်တိုက်ပွဲ ဆင်နွှဲလာမည်ဆိုသော သတင်းများကြောင့် တရုတ်နယ်စပ် ကျယ်ဂေါင်မြို့တွင်ရှိသော ကျောက်ဝိုင်းအပြင် ကုန်သွယ်ရေးစခန်းများကို ပိတ်လိုက်သည်။ ထို့အပြင် မူဆယ် နယ်စပ်ဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးဇုန် မုခ်ဦးအဝင်ဝ၌ရှိသည့် နယ်စပ်စီးပွားရေးဇုန် ရဲစခန်းလည်း လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခံရပြီး ပေါက်ကွဲမှုဖြစ်ခဲ့ရာမှ ကုန်သွယ်ရေး ဆောင်ရွက်မှုအပေါ် သက်ရောက်မှုဖြစ်ခဲ့သည်။ မတ်လအကုန်တွင် ရွှေလီမြို့၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိပြီး နယ်စပ် ကုန်စည်များအတွက် စစ်ဆေးရေးဂိတ်ဖြစ်သော ရွှေလီတံတားကို တရုတ်ဘက်က ပိတ်လိုက်သည်။ ထို့အပြင် မန့်ဝိန်းဂိတ်နှင့် ကျင်းစန်းကျော့ဂိတ်ကိုလည်း အဝင်ပိတ်လိုက်သည်။

**ဧပြီ ၂၀၂၁**

တရုတ်နိုင်ငံအတွင်းသို့ မြန်မာဘက်မှဝင်မည့် ကုန်တင်ယာဉ်များကို ကိုဗစ်-၁၉ စစ်ဆေးမှုအတွက် တရုတ်ယွမ်ငွေ ၁,၈၀၀ မှ ၂,၁၀၀ ကျော်အထိ တိုးမြှင့်သတ်မှတ်မည်ဟု ယူနန်ပြည်နယ်၊ ကျန်းမာရေးတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်ကြောင့် ဧပြီလလယ်ပိုင်းတွင် တာရှည်အထားမခံသော အသီးအနှံများမှလွဲ၍ ဆန်နှင့် အခြားကုန်ပစ္စည်းများ အားလုံးကို မြန်မာဘက်မှတင်ပို့ခြင်း ရပ်တန့်လုနီးပါးဖြစ်သွားသည်။ ထို့အတူ တရုတ်ဘက်မှ ကုန်စည်များလည်း မြန်မာနိုင်ငံထဲ ဝင်ရောက်မှု ရပ်တန့်သွားသည်။ တချိန်တည်းမှာပင် မူဆယ်မြို့ရှိ နယ်စပ်ဂိတ်များအနီးတွင် ပေါက်ကွဲမှုသုံးကြိမ်ထက်မနည်း ဖြစ်ခဲ့ပြီး လုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်မှုများ ရပ်သလောက်နီးပါး ဖြစ်ခဲ့သည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။